DEPARTMENT OF EDUCATION

# ခရိုင် မိဘ ပေးစာ

လေးစားရပါသော မိဘများ သို့မဟုတ် အုပ်ထိန်းသူများ–

ကျောင်းသားများအားလုံး အောင်မြင်ရေးအတွက် ကူညီရန် ရည်မှန်းထားသည့် ပရိုဂရမ်များနှင့် ဝန်ဆောင်မှုများအား ပံ့ပိုးရာတွင် MINNESOTA ခရိုင်များကို ကူညီရာ၌ MINNESOTA၏ အကြီးဆုံး အုပ်စုများပေါ် အခြေခံကာ ခရိုင်များသည် 2008 ခုနှစ်မှစ၍ ဖက်ဒရယ်အဆင့်တွင် စုဆောင်းသည်ထက်ပို၍ ကျောင်းသား၏ မျိုးရိုး သို့မဟုတ် မူရင်း လူမျိုးစုကို ပိုမို အသေးစိတ်ကျကျ တောင်းဆိုရန် ဥပဒေအရ လိုအပ်ပါသည်။ မိဘများ သို့မဟုတ် အုပ်ထိန်းသူများသည် လူမျိုးရေးနှင့် လူမျိုးစုဝင် လူစာရင်း သတ်မှတ်သည့် ဖောင်ပေါ်ရှိ ဖက်ဒရယ် မေးခွန်းများ (အနက်ဖြင့်)ကို ဖြေဆိုရန်မလိုအပ်ပါ။ သို့ရာတွင် ဖက်ဒရယ် မေးခွန်းများ (အနက်ဖြင့်)ကို မဖြေရန် ရွေးချယ်ပါက ဖက်ဒရယ်ဥပဒေက ကျောင်းများက သင့်အတွက် ရွေးချယ်ပေးပါလိမ့်မည်။ ပြည်နယ်မေးခွန်းများကို “ရွေးချယ်နိုင်သော”ဟုဖော်ပြထားပြီး ကျောင်းများက ဤအချက်အလက်ကို သင့်ကိုယ်စားဖြည့်စွက်ပေးလိမ့်မည် မဟုတ ်ပါ။ ဖြေဆိုရန် ငြင်းဆိုခြင်းသည် ကျောင်းဝင်ခွင့်ရရှိမှု အပေါ် သက်ရောက်မှုရှိလိမ့်မည် မဟုတ်ပါ။

2018–19 စာသင်နှစ်အတွက် ဤအချက်အလက်များအား စုဆောင်းရန် ကျွန်ုပ်တို့၏ ခရိုင်အား တောင်းဆိုထားပြီး ဖြစ်ပါသည်။ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက် အသစ်၏ ရလဒ်အရ သင့်ကလေး၏ အချက်အလက်များအား တင်ပြရန် သင့်အား တောင်းဆိုပါသည်။ 2019–20 စာသင်နှစ်မှ စတင်၍ MINNESOTA ရှိ ကျောင်းများအားလုံးသည် ဤအသစ်မွမ်းမံထားသော အမျိုးအစားများအား သုံး၍ ဤအချက်အလက်အား စုဆောင်းသွားပါလိမ့်မည်။ နောက်စာသင်နှစ်တွင်လည်း ပြန်လည်သုံးသပ်ထားသော ဖောင်တွင် ဖြည့်ပေးရန် သင့်အား တောင်းဆိုသွားမည် ဖြစ်ပါသည်။ MINNESOTA ပညာရေးဌာနသည် ပြည်သူများထံမှ တုံ့ပြန်ချက်များကို ဤဖောင်တွင် ဖြည့်သွင်းရန် ဆက်လက်လုပ်ဆောင်ပါလိမ့်မည်။

သင့်ကလေး၏ အချက်အလက်များအား တင်ပြရန် ဤဖောင်တွင် ပြည့်စုံစွာ ဖြည့်ပြီး [DATE] နောက်ဆုံးထား၍ [LOCATION] သို့ ပြန်ပို့ပေးပါ။ မှတ်ချက်– သင်သည် "ဖော်ညွှန်းရန် ငြင်းဆိုမည်" ရွေးချယ်မှု(များ)အား အမှတ်အသားပြုပေးခြင်းဖြင့် ပိုမို အသေးစိတ် ရွေးချယ်မှုများ၏ မည်သည့်အရာကိုမဆို မဖော်ပြရန် ရွေးချယ်နိုင်ပါသည်။ သင့်အုပ်စု ကိုယ်စားပြုအား မတွေ့ပါက "အခြား" ရွေးချယ်မှုတစ်ခုအား အမှတ်အသားပြုရန် ရွေးချယ်နိုင်ပါသည်။ ဤအသေးစိတ် အုပ်စုများတွင် ကျောင်းသားများအား သတ်မှတ်ပေးရန် ကျောင်းဝန်ထမ်းများအား မလိုအပ်ပါ။

ပူးတွဲပါ ဖောင်အား ဖြည့်ပြီး ပြန်ပို့ပေးပါ။ အမျိုးအစားများ တင်ပြမှုအကြောင်း နောက်ထပ် အချက်အလက်များအတွက် [PHONE NUMBER] မှတစ်ဆင့် [NAME] ထံ ဆက်သွယ်ပါ။

လေးစားစွာဖြင့်

[SUPERINTENDENT NAME]